မည်သူမ‌ဆို ကြက်သွန်ဖြူ သို့မဟုတ် ကြက်သွန်နီ စားထားပါကငါကိုယ်တော်တို့နှင့် သီးခြားခွဲ၍နေလော့။ (သို့မဟုတ်ဤသို့ မိန့်ဆိုခဲ့သည်။) ငါကိုယ်တော်တို့ရဲ့ဗလီနှင့်သီးခြားခွဲ၍နေလော့။ မိမိရဲ့ အိမ်၌ပင် ထိုင်နေလော့

ဂျာဗိရ်ဗင်န် အဗ်ဒုလ္လာဟ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမ‌ဆို
ကြက်သွန်ဖြူ သို့မဟုတ် ကြက်သွန်နီ စားထားပါက ငါကိုယ်တော်တို့နှင့်
သီးခြားခွဲ၍နေလော့။ (သို့မဟုတ် ဤသို့ မိန့်ဆိုခဲ့သည်။)
ငါကိုယ်တော်တို့ရဲ့ဗလီနှင့် သီးခြားခွဲ၍နေလော့။ မိမိရဲ့ အိမ်၌ပင် ထိုင်နေလော့။တစ်ခါသော် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်ဟင်းသီးဟင်းရွက်များ (ချက်ပြုတ်ထား)သည့် ဟင်းအိုးတစ်အိုးကို ဆက်သခြင်းခံရသည်။ ကိုယ်တော်သည်
ဟင်းအိုးအတွင်းမှ အနံ့တစ်ခုကို ရ သောကြောင့် မေးမြန်း‌တော်မူလေသည်။ (လူတို့က)
ကိုယ်တော့်အား ထိုဟင်းအိုးတွင် ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို
အသိပေးတင်ပြသည့်အခါတွင် ကိုယ်တော်သည် မိမိနှင့်အတူရှိသော တပည့်
ဆွဟာဗီတစ်ဦးဘက်သို့ အသင်တို့ ဒီဟင်းအိုးကို တိုးကပ်ပေးလိုက်ကြလော့ ဟုမိန့်တော်မူ‌ လေသည်။ ထိုဆွဟာဗီသည် ယင်းဟင်းအား စားရန် မနှစ်သက်သည်ကို ကိုယ်တော်ကမြင်တွေ့သောအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က “အသင် စားလော့။
(ငါကိုယ်တော်မြတ်အနေဖြင့် စားသုံးခြင်းမှ ရှောင်ကြဉ်ရခြင်းမှာ)
ငါကိုယ်တော်မြတ်သည် အသင် အနီးကပ်စကားပြောဆိုဆက်ဆံခြင်းမပြုရသည့်ကောင်းကင်တမန်(ဂျိဗ်ရီလ် အလိုင်ဟိစ္စလာမ်) နှင့် စကားပြောဆိုရသောကြောင့်ဖြစ်သည်။” မွတ်စ်လင်မ်ကျမ်း၌ ဂျာဗိရ် ဗင်န် အဗ်ဒုလ္လာဟ် ထံမှဆင့်ပြန်လာရှိသည်။တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ မည်သူမဆို
ဤဟင်းသီး ဟင်းရွက်ဖြစ်သော ကြက်သွန် ဖြူကို စားထားပါက - တစ်ခါတွင် ဤသို့
မိန့်ကြားတော်မူသည်။ “မည်သူမဆို ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်
ကြက်သွန်မြိတ်တို့ကို စားထားပါက ငါကိုယ်တော်တို့၏ ဗလီအနားသို့ပင် မလာ‌လေနှင့်။
အဘယ်ကြောင့်ဆိုသော် မကောင်းသောအနံ့အသက်များကြောင့် လူတို့ စိတ်အနှောင့်အယှက်
ဖြစ်သလို ကောင်းကင်တမန်များသည်လည်း အလားတူ စိတ်အနှောင့်အယှက်ဖြစ်လေသည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် ကြက်သွန်နီ သို့မဟုတ်ကြက်သွန်ဖြူစားထားသူအား ဗလီကျောင်းတော်သို့ လာရောက်ခြင်းမှ တားမြစ်ထားတော်မူသည်။ထိုသို့တားမြစ်ရခြင်း၏ အကြောင်းရင်းမှာ ထိုအရာနှစ်မျိုး၏ မကောင်းသောအနံ့သည်ဗလီကျောင်းတော်သို့ ဂျမာအသ်ဖြင့်ဆွလာသ်ဝတ်ပြုရန် ရောက်ရှိလာကြသောအခြားညီနောင်များအား အနှောင့်အယှက် မဖြစ်စေရန် အတွက်ဖြစ်သည်။ ဤတားမြစ်ချက်သည်အမှန်စင်စစ် ဗလီသို့လာရောက်ခြင်းအား မနှစ်မြို့ဖွယ် တားမြစ်ချက်သာဖြစ်ပြီးထိုအရာများကို စားသုံးခြင်းအား တားမြစ်ထားခြင်း မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်

https://sunnah.global/hadeeth/my/show/4850

النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee